သင့်computer သို့မဟုတ် mobile phone ၏ web browser တွင် website ၏လိပ်စာကိုရိုက်ထည့်ပါ -

https://findyourpollingstation.uec.gov.mm

သို့မဟုတ်

အောက်ပါ QR Code ကို Scan ဖတ်၍လည်း website သို့သွားရောက်နိုင်ပါသည်။

**QR ကုတ်အသုံးပြုပုံ**

၁။ သင့်ဖုန်း မှ QR ကုတ်ကို ဖတ်သည့် App ကို ဖွင့်ပါ။ (အင်တာနက်ဖွင့်ထားရန်လိုအပ်ပါသည်။)
၂။ ဖုန်းမျက်နှာပြင်တွင် QR ကုတ်အား ရှင်းလင်းစွာမြင်သည့်အထိ ချိန်၍ ဖတ်ပါ။
၃။ web browser သို့ ဝင်ရောက်ရန်တောင်းဆိုလာပါက ခွင့်ပြုပေးပါ။

**Find Your Polling Station Android app** ကို ဤ Link https://bit.ly/30nUrRV တွင် ရယူနိုင်ပါသည်။

**ကျေးဇူးပြု၍ ဤ Website/App ကို မြန်မာယူနီကုဒ်ဖြင့်သာအသုံးပြုပါ။**




- Website သို့ရောက်ရှိပါက **"စတင်မည်"** ကိုနှိပ်ပါ။ သင်၏အချက်အလက်များကိုတောင်းခံသည့် ဒုတိယစာမျက်နှာသို့ ရောက်ရှိသွားမည် ဖြစ်ပါသည်။



- ဒုတိယစာမျက်နှာတွင် သင်၏ အမည်၊ အဘအမည်၊ တိုင်းဒေသကြီး/ပြည်နယ်အမည်၊ မြို့နယ်အမည်နှင့် မှတ်ပုံတင်နံပါတ် သို့မဟုတ် မွေးသက္ကရာဇ်ကို ထည့်သွင်း၍ မဲဆန္ဒရှင်စာရင်းတွင် ပါ/မပါ ရှာဖွေရမည် ဖြစ်သည်။ * ပြသထားသော နေရာများသည် မဖြစ်မနေထည့်သွင်းပေးရမည့် နေရာများဖြစ်သည်။
- အမည်သည် ***မထည့်မနေရ*** သတ်မှတ်ထားသောနေရာဖြစ်သည်။ အမည်ထည့်သွင်းရာတွင် ဦး သို့မဟုတ် ဒေါ် ကို ရွေးချယ်ခဲ့ပါက မိမိ၏ အမည်ရှေ့တွင် ထပ်မံထည့်သွင်းရန်မလိုပါ။
- အဘအမည်ကို ***မထည့်လိုက*** ကျော်သွားနိုင်ပါသည်။
- ထို့နောက်***မထည့်မနေရ*** သတ်မှတ်ထားသော တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်အမည်တို့ကို ရွေးချယ်ပေးရပါမည်။
- ထို့အပြင် မှတ်ပုံတင်နံပါတ် သို့မဟုတ် မွေးသက္ကရာဇ် နှစ်မျိုးထဲမှ ***တစ်မျိုးကို*** ထည့်သွင်းပေးရပါမည်။
- မှတ်ပုံတင်နံပါတ်နှင့် ရှာမည်ဆိုပါက သင့်မှတ်ပုံတင်နံပါတ်၏ အရှေ့ဆုံးဂဏန်း(၁~၁၄)ကို ဦးစွာ ရွေးချယ်ပေးရမည်ဖြစ်သည်။ ထို့နောက် သင့်မြို့နယ်၏အတိုကောက်စကားလုံးကို ရွေးချယ်ပေးရ ပါမည်။ ထို့နောက် နိုင်ငံသားဖြစ်မှုပုံစံကို ထပ်မံရွေးချယ်ပေးရပါမည်။ နောက်ဆုံးအကွက်တွင် ***မြန်မာအင်္ဂလိပ်ဂဏန်းဖြင့်*** မှတ်ပုံတင်အမှတ် ဂဏန်း ၆ လုံးကို ရေးသွင်းပေးရမည် ဖြစ်သည်။ ထို့သို့ သတ်မှတ်ထားသော ပုံစံများဖြင့် မဖြည့်သွင်းလိုပါက **အခြား**ကိုအမှန်ခြစ်၍ မိမိ၏မှတ်ပုံတင်ကို ပြည့်စုံစွာရိုက်နှိပ်၍လည်း ရှာဖွေနိုင်ပါသည်။
- မှတ်ပုံတင်နံပါတ်ဖြင့် မရှာဘဲ မွေးသက္ကရာဇ်ဖြင့် ရှာမည်ဆိုပါက ရွေးရန်ကိုနှိပ်၍ မိမိ၏ မွေးနေ့သက္ကရာဇ်ကို ပြက္ခဒိန်ပုံစံမှတစ်ဆင့် မှန်ကန်အောင်ရွေးချယ်ပေးရပါမည်။
- ထို့နောက် **"ရှာမည်"** ကိုနှိပ်ပါ။



- သင်၏အမည် မဲဆန္ဒရှင်စာရင်းတွင်ပါဝင်ပါက တတိယစာမျက်နှာသို့ ရောက်ရှိသွားမည်ဖြစ်ပြီး သင်၏ ကိုယ်ရေး အချက်အလက်များကို စစ်ဆေးနိုင်မည်ဖြစ်သည်။ ကိုယ်ရေးအချက်အလက်များ တစ်စုံတစ်ရာမှားယွင်းမှုရှိပါက ပြင်ဆင်နိုင်ရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံသို့ သွားရောက်၍ ပုံစံ ( ၄-ဂ ) တောင်းယူလျှောက်ထားပါ။
- သင်၏အမည် မဲဆန္ဒရှင်စာရင်းတွင်မပါဝင်ပါက **"သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲထံသို့ အကြောင်းကြားရန်"** ဟူသည့် အသိပေးစာ ထွက်ပေါ်လာမည်ဖြစ်သည်။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံသို့ သွားရောက်၍ မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ ( ၃ ) တောင်းယူလျှောက်ထားပါ။ အကယ်၍ သင်သည် ယခုရောက်ရှိနေသောနေရာတွင် ရပ်ပေါင်း ( ၉၀ ) ထက်ပို၍ နေထိုင်ခဲ့ပြီး မိမိရောက်ရှိနေသည့် မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးလိုပါက ပုံစံ ( ၃-က ) ကို တောင်းယူလျှောက်ထားနိုင်ပါသည်။